**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ရေကြောင်းညွှန်ကြားချက်အမှတ် ၆ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် "အင်္ဂလန်ကျား(ကျားဖောင်)နှင့် ကျားဖောင်ဆွဲရေယာဉ်များတွင် အလိုအလျောက် ခွဲခြားသိရှိနိုင်သည့်စနစ် (Automatic Identification System-AIS) များနှင့် အချက်ပြမီးတပ်ဆင်ခြင်းဆိုင်ရာ ရေကြောင်းညွှန်ကြားချက်" ကို ထုတ်ပြန်လိုက်သည်။

၁။ ကမ်းနီးကမ်းဝေး အင်္ဂလန်ကျား (ကျားဖောင်)များ၌ အလိုအလျောက် ခွဲခြားသိရှိနိုင်သည့်စနစ် (Automatic Identification System-AIS) နှင့် အချက်ပြမီးများကို အောက်ပါအတိုင်း တပ်ဆင်အသုံးပြုရမည် -

(က) ကျားဖောင်တွဲများမပါသော ကျားဖောင်တစ်စီးတည်းဖြစ်ပါက နောက်ဆက်တွဲ (က) ပါ ပုံစံအတိုင်း အောက်ပါတို့ကို ဆောင်ယူပြသရန် -

(၁) Portable AIS

(၂) ညဘက်တွင် အနည်းဆုံး ၃ မိုင်ပတ်လည် အကွာက မြင်နိုင်စွမ်းရှိသည့် အဖြူရောင်မှိတ်တုတ်မီး (All-round White Flashing Light) တစ်လုံး၊

(ခ) ကျားဖောင်တွဲများ ချိတ်တွဲထားပါကနောက်ဆက်တွဲ(ခ)ပါ ပုံစံအတိုင်း အောက်ပါတို့ကို ဆောင်ယူပြသရန် -

(၁) ကျားဖောင်တွဲတစ်တွဲလျှင် Portable AIS တစ်ခု တပ်ဆင်ရန်၊

(၂) ညဘက်တွင် ကျားဖောင်တွဲတစ်တွဲစီ၏ အစွန်း ၂ ဖက်တွင် အနည်းဆုံး ၃ မိုင်ပတ်လည် အကွာက မြင်နိုင်စွမ်းရှိသည့် အဖြူရောင်မှိတ်တုတ်မီး (All-round White Flashing Light) တစ်လုံးစီ၊

(ဂ) ရေယာဉ်ပန်ကာများနှင့် ငြိစေနိုင်သည့် ငါးဖမ်းပိုက်များတွင် ရေယာဉ်များ သတိပြုနိုင်ရန် ငါးဖမ်းပိုက်ခေါင်းများ၌ နေ့ဘက်တွင် အလံတိုင်ဖြင့် ပြသထားရှိပြီးညဘက်တွင် အနည်းဆုံး ၁ မိုင်ပတ်လည်အကွာက မြင်နိုင်စွမ်းရှိသည့် **နောက်ဆက်တွဲ(ဂ)** ပါ အစိမ်းရောင်မှိတ်တုတ်မီး (All-round Green Flashing Light) သို့မဟုတ် အနီရောင်မှိတ်တုတ်မီး (All-round Red Flashing Light) တစ်လုံးစီဆောင်ယူ ပြသရန်။

၂။ ကျားဖောင်ဆွဲရေယာဉ်များသည် အောက်ဖော်ပြပါ အလိုအလျောက် ခွဲခြားသိရှိနိုင်သည့် စနစ် (AIS) နှင့် အချက်ပြမီးများတပ်ဆင်အသုံးပြုရမည်-

(က) ကျားဖောင်ဆွဲရေယာဉ်တစ်စီးလျှင် Portable AIS တစ်ခုစီတပ်ဆင်ရန်၊

(ခ) ရေယာဉ်၏ အရွယ်အစားအလိုက် သတ်မှတ်ထားသော အချက်ပြမီးများကို ဆောင်ယူပြသရန်။

၃။ အင်္ဂလန်ကျား (ကျားဖောင်) များတွင် တပ်ဆင်အသုံးပြုသည့် AIS စနစ်သည် အရေးပေါ် အခြေအနေကျရောက်ပါက AIS စနစ်မှတစ်ဆင့် အကူအညီတောင်းခံနိုင်သည့် အချက်ပြစနစ် (Distress Alert/ Panic Button) ပါဝင်ရမည်။

၄။ အင်္ဂလန်ကျား (ကျားဖောင်) များတွင် တပ်ဆင်မည့် AIS စနစ် နှင့် အချက်ပြမီးများသည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များ (Performance Standard and Technical Specifications) နှင့်ကိုက်ညီမှုရှိသည့် Type Approved ပစ္စည်းများဖြစ်ရမည်။

၅။ AIS တင်သွင်းရောင်းချခြင်း၊ တပ်ဆင်ပေးခြင်းပြုလုပ်လိုသူ (Service Provider) များ သည် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) က ထုတ်ပြန်ထားသော သက်ဆိုင်ရာ AIS စနစ်လိုအပ်ချက်များနှင့်ကိုက်ညီမှုရှိပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များ (Performance Standard and Technical Specifications) နှင့်ကိုက်ညီမှုရှိသည့် ပစ္စည်းများကိုသာ တင်သွင်းရောင်းချခြင်းနှင့် တပ်ဆင်ခြင်းများကို ပြုလုပ် ရမည်။

၆။ AIS စနစ်တပ်ဆင်အသုံးပြုမည့် အင်္ဂလန်ကျား (ကျားဖောင်) နှင့် ကျားဖောင်ဆွဲရေယာဉ်များအား ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိပြီး AIS တွင် MMSI Number နှင့် DMA Registration ID တို့ကို ထည့်သွင်းထားရှိရမည်။

၇။ AIS စနစ်တပ်ဆင်ထားသော အင်္ဂလန်ကျား (ကျားဖောင်)နှင့် ကျားဖောင်ဆွဲရေယာဉ်အသီးသီးအတွက် မှတ်ပုံတင်ထားရှိသည့် အချက်အလက်များအား ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်သာ ပြောင်းလဲပြင်ဆင်ခြင်းပြုရမည်။

၈။ AIS စနစ်တပ်ဆင်ထားသော အင်္ဂလန်ကျား (ကျားဖောင်) နှင့် ကျားဖောင်ဆွဲရေယာဉ်အားလုံးသည် မလွှဲမရှောင်သာသည့်ဖြစ်စဉ်နှင့် ကိစ္စရပ်မှလွဲ၍ AIS စနစ်အား ၂၄ နာရီပတ်လုံးဖွင့်လှစ်ထားရှိရမည်။

၉။ ကျားဖောင်များ၏ ပိုက်များတွင် Fishing Net AIS တပ်ဆင်ရန် လိုအပ်သည့်အခါ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်သာ တပ်ဆင်ရမည်။

၁၀။ အင်္ဂလန်ကျား (ကျားဖောင်) နှင့် ကျားဖောင်ဆွဲရေယာဉ်ပိုင်ရှင်များတွင် အချက်ပြမီးတပ်ဆင်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ လည်းကောင်း၊ AIS စနစ် တပ်ဆင်ခြင်းကို ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ လည်းကောင်း အပြီးဆောင်ရွက်တပ်ဆင်ရမည်။

၁၁။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ ဤရေကြောင်းညွှန်ကြားချက်ပါ အင်္ဂလန်ကျား (ကျားဖောင်) နှင့် ကျားဖောင်ဆွဲရေယာဉ် တစ်စီးချင်းအလိုက် လိုအပ်သည့် သတ်မှတ်ချက်များအတိုင်း အချက်ပြမီးများနှင့် AIS စနစ် တပ်ဆင်ခြင်း၊ အသုံးပြုခြင်းတို့ကို စောင့်ကြပ်ကြည့်ရှု၍ ကြပ်မတ်စစ်ဆေးပြီးလိုအပ်သလို အရေးယူဆောင်ရွက်ခြင်းပြုရမည်။

ဒေါက်တာကိုကိုနိုင်
ခေတ္တညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

ငါးလုပ်ငန်းဦးစီးဌာန

သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ရုံးများဌာနခွဲ(အောက်မြန်မာပြည်) } နယ်ရုံးခွဲများသို့ ဆက်လက်ဖြန့်ဝေပေးပါရန်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

မြန်မာနိုင်ငံပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံပင်လယ်ကမ်းနီးငါးဖမ်းလုပ်ငန်းရှင်များအသင်း

ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း


မြန်မာနိုင်ငံကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များအသင်း

**မိတ္တူကို**

- ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၊
- မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊
- ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
- မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊
- မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊
- ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်ရုံး၊
- ရုံးလက်ခံ။

နောက်ဆက်တွဲ (က)

# ကျားဖောင်တစ်စီးတည်းထားရှိပါက အချက်ပြမီးနှင့် AIS တပ်ဆင်ရမည့်ပုံစံ




 **Portable AIS**

နောက်ဆက်တွဲ (ခ)

## ကျားဖောင်များတွဲချိတ်ထားပါက အချက်ပြမီးနှင့် AIS တပ်ဆင်ရမည့်ပုံစံ




Portable AIS

## အနီရောင် သို့မဟုတ် အစိမ်းရောင် မှိတ်တုတ်မီး

## Red Flashing Light or Green Flashing Light

### Product parameters

- Name: LED light control network beacon
- Material: PP + PPS engineering plastics
- Color: red/green two-color flashing
- Battery application: 2 No. 1 batteries
- The endurance time is about 50 days (suitable for battery capacity)
- Working mode: automatic flashing in cloudy days and night
- Weight: 100g ordinary LED Waterproof IP65



**Product features** With stable product quality, exquisite material selection, precision manufacturing and strong compatibility, it can be applied to a variety of industries.

### Product size




**Two color flashing display**

